# Information Sheet



VOLUME XI, SPECIALISSUE 18 7 December 2021



| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြု နဝမမြောက်တစ်လတာ ဆောင်ရွက်ချက်များ | ၁-၁၄ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြု နဝမမြောက်တစ်လတာ ဆောင်ရွက်ချက်များ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တရားဥပဒေစိုးမိုးမှုများနှင့် တည်ငြိမ်အေးချမ်းမှုများ တစ်လထက်တစ်လ ပိုမိုတိုးတက်လာသကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများနှင့် ဦးစားပေးအုပ်စုများအလိုက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုများကြောင့် ကပ်ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာခဲ့ပြီဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### နိုင်ငံနှင့် ပြည်သူ့အကျိုးဆောင်ရွက်ချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်-

- အောက်တိုဘာလ ၁ ရက်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့ပြီး စိုက်ပျိုးမွေးမြူရေး၊ အင်းလေးကန်၏ ရေသယံဇာတများ တိမ်ကောမှုမရှိစေရေး၊ ပညာရေးနှင့်လူသားအရင်းအမြစ်မွေးထုတ်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်ရန် အစီအမံများချထားရေးစသည်တို့ကို ဆွေးနွေးခဲ့။
- အောက်တိုဘာလ ၂ ရက်တွင် တောင်ကြီးမြို့ရှိ ရှမ်းရိုးမမွေးမြူရေးဇုန်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီမည့်လုပ်ငန်းများအဖြစ် ဖော်ဆောင်ရန် လမ်းညွှန်မှာကြားခဲ့ပြီး တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသ၊ ပင်ကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းနှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ အစိုးရအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့။
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ တပ်မတော်သားများ၏ အဓိကတာဝန်၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများစသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး တပ်မိသားစုများထံ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။
- တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး ဗုဒ္ဓစာပေဆိုင်ရာများကို ကြည့်ရှုလေ့လာခြင်းနှင့် ဗုဒ္ဓတက္ကသိုလ်ရှေ့တွင် အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့။
- ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအတွက် ကင်ဆာရောဂါကုသမှု



**မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရေယာဉ်များတပ်တော်ဝင်အခမ်းအနားကျင်းပ ပြုလုပ်နေမှု**

တွင် အရေးပါသည့် ခါတ်ရောင်ခြည်ကုထုံးနှင့် ကင်ဆာခွဲစိတ်ကုသမှုများကို အဆင့်မြင့်စွာဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ ဓာတ်ရောင်ခြည်ကုသဆောင်နှင့် ကင်ဆာရောဂါခွဲစိတ်ကုသဆောင်ကို အောက်တိုဘာလ ၂ ရက်တွင် တက်ရောက်ဖွင့်လှစ်ပေးခဲ့။

- ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံခဲ့ပြီး တပ်ရင်းမှူးတစ်ဦး၏ တာဝန်ဝတ္တရားများကို သိရှိနားလည်၍ အလေ့အကျင့်ကောင်းများနှင့်အတူ ခေါင်းဆောင်ကောင်းများအဖြစ် တာဝန်ထမ်းရွက်နိုင်စေရေး အလေးထားမှာကြားခဲ့။
- ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များအား အောက်တိုဘာလ ၃ ရက်တွင် တွေ့ဆုံ၍ ခရီးသွားလာမှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေး၊ ကျန်းမာရေးကဏ္ဍမြင့်တင်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်တင်ရေးနှင့် ဒေသထွက်ကုန်များအား နိုင်ငံတကာဈေးကွက်အထိ တိုးချဲ့တင်ပို့နိုင်ရေးများကို ဆွေးနွေးညှိနှိုင်းခဲ့။

**မြန်မာ့ပင်လယ်ပြင်ကာကွယ်စောင့်ရှောက်နိုင်ရေးကြိုပမ်းမှု**

- မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ရေယာအတွင်း ရေကြောင်းဆိုင်ရာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများ တာဝန်ခံစီမံကွပ်ကဲဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော်မှုခင်းများနှိမ်နင်းရန်၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့်ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော်(ရေ)အား အထောက်အကူပြုရန်စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တပ်တော်ဝင်အခမ်းအနားကို အောက်တိုဘာလ ၆ ရက်တွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များနှင့်တွေ့ဆုံ၍ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးကဏ္ဍ (Constabulary Role)၊ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍ (Benign Role) များကို အဓိကထားဆောင်ရွက်ကြရန် မှာကြားခဲ့။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ**

- အောက်တိုဘာလ ၆ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့။



**သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်**
**ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးနေမှု**

- အရှည် ၄၂၇ ပေ ရှည်လျားပြီး ဝင်ပေါက်လေးခု၊ ရွေ့လျားစက်လှေကား၊ ဓာတ်လှေကားများ တပ်ဆင်ထားကာ ဈေးဆိုင်ခန်း ၁၈ ခန်းပါဝင်သည့် မြန်မာနိုင်ငံ၏ ပထမဆုံး



**နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာနိုင်ငံ၏ပထမဆုံးသော မြေအောက်လမ်းကူး လူသွားဥမင် (Underpass) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့မှု**

သော မြေအောက်လမ်းကူး လူသွားဥမင်ကို အောက်တိုဘာလ ၇ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့။

- နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြို့တော်သန့်ရှင်းသာယာလှပရေး၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ သောက်သုံးရေဖူလုံမှုရှိစေရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းခဲ့။
- အင်းစိန်မြို့နယ်ရှိ သဲကွန်ကရစ်တုံးထုတ်လုပ်သည့် စက်ရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစား ပြိုင်ဝင်း၊ တာမွေမြို့နယ် ကျိုက္ကဆံဘတ်စကက်ဘောအားကစားရုံနှင့် ကျိုက္ကဆံကွင်း (အားကစားနှင့် ကာယပညာသိပ္ပံ) တို့ကို သွားရောက်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာပေးခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၈ ရက်တွင် အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သံနှင့်သံမဏိထုတ်ကုန်များသည် နိုင်ငံ၌ ကုန်ကြမ်းများရှိသော်လည်း ပြည်တွင်း၌ လုံလောက်အောင် မထုတ်လုပ်နိုင်သဖြင့် ပြည်ပမှတင်သွင်းနေရခြင်းကို လျှော့ချနိုင်ရန် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၈ ရက်တွင် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံသို့ရောက်ရှိ၍ အဆင့်မြှင့်တည်ဆောက်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးစသည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းပေးခဲ့။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၃)သံမဏိစက်ရုံနှင့် ဆေးဝါးစက်ရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု**

- နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁) သို့ တက်ရောက်၍ ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ဈေးကွက်ရှာဖွေရေးစသည်ဖြင့် တိုက်တွန်းပြောကြားခဲ့။
- အောက်တိုဘာလ ၂၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရန်အတွက် အစီအမံများ၊ ကုန်ထုတ်လုပ်မှု၊ ကျေးလက်ဖွံ့ဖြိုးမှုတို့အတွက် အစီအမံများ၊ ငွေကြေးတန်ဖိုးနှင့်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

ဘဏ်စနစ်တို့ကို တည်ငြိမ်စေရန် အစီအမံများ စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၂၇ ရက်တွင် လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၂၈ ရက်က ကျင်းပသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ကာကွယ်ဆေးထိုးနှံပေးမှုတွင် EAO နယ်မြေများ၊ နယ်စပ်ဒေသများ၊ တိုင်းရင်းသားဒေသများအားလုံး အကွက်စေ့စွာ ထိုးနှံပေးနိုင်ရန်နှင့် အသိပညာပေးခြင်းများကို ထိရောက်စွာ လုပ်ကိုင်ရန်မှာကြားခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Madimir Lvovich kasatonov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ လက်ခံတွေ့ဆုံခဲ့။
- ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ ရုရှားစစ်ရေယာဉ်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုအလေးပြုခြင်းကိုခံယူခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့ဝင်များအား နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရေကြောင်းလုံခြုံမှုဆိုင်ရာနည်းပညာနှင့် သတင်းအချက်အလက်များဖလှယ်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များက ရုရှားစစ်ရေယာဉ်ပေါ်၌ ဂုဏ်ပြုကြိုဆို**

- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမိုင်းဝင်တော်လှန်ရေးပန်းခြံ၌ ပန်းခြံအတွင်း အများပြည်သူများ အပန်းဖြေအနားယူနိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ယာ (လေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံနေမှု**

ထောင့်ကန်)နှင့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် အားကစားဇုန်နယ်မြေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။

- နိုင်ငံတော်ဝန်ကြီးချုပ်က အောက်တိုဘာလ ၃၁ ရက်တွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးပြီး အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေကျပ် သိန်း ၄,၀၀၀ ၊ ဆန်အိတ် ၁၀၀ ၊ ဆီပိဿာ ၅၀၀ နှင့် ပဲပိဿာ ၃၀၀ တို့အား ပေးအပ်ခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်အကြီးစားစက်ရုံလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မီးသတ်ယာဉ်များ အရည်အသွေးပြည့်မီပြီး အရေအတွက်များများ ထုတ်လုပ်နိုင်ရေး၊ ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်အကြီးစားစက်ရုံလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးနေမှု**

**ဘာသာ၊ သာသနာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ**

- နေပြည်တော်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်အပိုင်း (၁) တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အလှူရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ပူဇော်ခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၁ ရက်တွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံနေရာသို့ရောက်ရှိပြီး သမိုင်းဝင်အဆောက်အဦ ဖြစ်သဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းများကို စနစ်တကျ သုတေသနပြုလုပ်ဆောင်ရွက်ကြရန် မှာကြားခဲ့။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များ**

- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် အောက်တိုဘာလ ၁၅ ရက်တွင် သဝဏ်လွှာပေးပို့ခဲ့ပြီး မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း



**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားနေမှု**

ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သလို တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်ထားသည်ကို အတိအလင်းကြေညာပြီးသားဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့။

- အောက်တိုဘာလ ၁၈ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူလူထုသို့ သီတင်းကျွတ်အခါသမယအဖြစ် ပြောကြားခဲ့သည့်မိန့်ခွန်း၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူနှင့် နိုင်ငံတော်အပေါ် ထိခိုက်မှုကျူးလွန်သူတွေကို ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စစ်မှန်သည့် ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် လွတ်ငြိမ်းချမ်းသာခွင့်များကို ဆက်လက်ပေးအပ်သွားမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့။
- အောက်တိုဘာလ ၂၄ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ၇၆ နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ သဝဏ်လွှာပေးပို့ခဲ့ပြီး မြန်မာနိုင်ငံက ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်နှင့် မူဝါဒများကို အခိုင်အမာယုံကြည်ကြောင်းနှင့် လူသားများအတွက် တိုးတက်ရှင်သန်သည့် ကမ္ဘာကြီးတည်ဆောက်နိုင်စေရန် ကုလသမဂ္ဂ၏ အပြုသဘောဆောင်ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့။
- အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အောက်တိုဘာလ ၁၃ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား အပြန်အလှန်ချိတ်ဆက်မှုအားကောင်းစွာဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို အတူပူးပေါင်းပါဝင်ကြရန် မှာကြားခဲ့။




**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်နေမှု**

## အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

- အောက်တိုဘာလ ၄ ရက်တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီအစည်းအဝေး၊ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ အာဆီယံခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒငါးချက် အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေနှင့် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းသည့် အခြေအနေများကို ဆွေးနွေးခဲ့။
- ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နှစ် ၆၀ ပြည့် အထိမ်းအမှတ်အဆင့်မြင့်အစည်းအဝေးကို အောက်တိုဘာလ ၁၁ ရက်နှင့်




**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် အဆင့်မြင့်အစည်းအဝေးတွင် ဗီဒီယိုဖြင့်မိန့်ခွန်းပြောကြားနေမှု**

၁၂ ရက်တွင် ဆားဘီးယားနိုင်ငံ၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့။

- (၉) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး၊ Indo–ASEAN Business Summit & Expo၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စု ဝန်ကြီးများအစည်းအဝေး၊ ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲညီလာခံအဖွဲ့ဝင် နိုင်ငံများ၏ (၁၅) ကြိမ်မြောက် ဝန်ကြီးများအဆင့်အစည်းအဝေး၊ ITU Digital World 2021 အစည်းအဝေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် Russian Energy Week International Forum၊ အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ သတ္တမအကြိမ် အာဆီယံနိုင်ငံများ မူးယစ်ဆေးဝါးဆိုင်ရာ



**အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်နေမှု**

ဝန်ကြီးအဆင့်အစည်းအဝေးများ၊ (၃၅)ကြိမ်မြောက် အာဆီယံ အရင်းအနှီး ဈေးကွက်ဥက္ကဋ္ဌများအစည်းအဝေး စသည့် အစည်းအဝေးများသို့ ကဏ္ဍအလိုက် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့။

- မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံလေကြောင်းကြားဖြတ် စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက်က ကျင်းပခဲ့။

**နိုင်ငံတကာဖိအားများကို တွန်းလှန်တုံ့ပြန်ချက်များ**

- နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒတို့ကို လျစ်လျူရှုခြင်းမပြုကြရန်၊ တရားမဝင်အဖွဲ့အစည်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် CRPH, NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ထောက်ခံအားပေးခြင်း၊ နိုင်ငံများ၌ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်ပြုခြင်းများမှာ အချုပ်အခြာအာဏာပိုင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၉ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့။
- အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ဖြစ်မြောက်ရေးအတွက် လိုက်လျောမှု ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ အချို့ကိစ္စရပ်များမှာ ဥပဒေလုပ်ထုံးလုပ်နည်းများကြောင့် ဆောင်ရွက်ပေးရန်ခက်ခဲနေမှုကို နားလည်ပေးရန် လိုအပ်သည့် အခြေအနေများ၊ အာဆီယံပဋိညာဉ်နှင့် အာဆီယံစိတ်ဓာတ်တို့ကို အခြေခံ



**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌက (၆)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗီဒီယိုမက်ဆေ့ပေးပို့၍ မိန့်ခွန်းပြောကြားနေမှု**

ပြီး ဘက်လိုက်မှုမရှိဆောင်ရွက်သည်ကို မြန်မာနိုင်ငံက ကြိုဆိုကြောင်း အောက်တိုဘာလ ၁၄ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ထည့်သွင်းဖော်ပြခဲ့။

- အထူးအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ ဆွေးနွေးခဲ့သည့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စများနှင့်တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ် စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်ကြောင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာစိတ်ပျက်မိပြီး ပြင်းထန်စွာကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁၆ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုစသော ရေရှည်အကျိုးစီးပွားများကို ရည်မျှော်၍ အာဆီယံပဋိညာဉ်စာတမ်းပါ လုပ်ထုံးလုပ်နည်းများ၊ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၂ ရက် ရက်စွဲ ဖြင့် ထုတ်ပြန်ခဲ့။
- ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့်ဆန့်ကျင်သည့် အစီရင်ခံစာနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက လက်မခံပယ်ချသည့် သတင်းထုတ်ပြန်ချက်တစ်စောင် ကို အောက်တိုဘာလ ၂၄ ရက် ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည့်အပြင် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီသာ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့။
- အောက်တိုဘာလ ၂၆ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အာဆီယံနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားကို သတင်းထုတ်ပြန်ခဲ့ရာတွင် အာဆီယံပဋိညာဉ်စာတမ်းပါမူများ၊ အစဉ်အလာများနှင့်အညီ အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ရရှိသင့်သည့်အခွင့်အရေးကို တောင်းဆိုခြင်းဖြစ်၍ ညှိနှိုင်းဆောင်ရွက်လိုသည့် သဘောထားကို ပြသခြင်းဖြစ်ကြောင်း ထည့်သွင်းထုတ်ပြန်ခဲ့။

**လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ**

- အောက်တိုဘာလ ၁၅ ရက်တွင် ကျရောက်သည့် NCA လက်မှတ်ရေးထိုးခြင်း (၆)နှစ် မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွေ့ဆုံပွဲကို အောက်တိုဘာလ ၁၅ ရက်က ကျင်းပခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏အဖွဲ့ဝင်များနှင့် ဆက်စပ်ပါဝင်သူ ၁၁၄ ဦးတို့အား ထိုနေ့တွင် ကျရောက်သည့် NCA လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုကာ အမှုမှ ပိတ်သိမ်းပေးခဲ့။
- ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကို ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/ အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု**

အောက်တိုဘာလ ၆ ရက်တွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေအား ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့။

- စက်တင်ဘာလ ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆) လ အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများကို အတည်ပြုထုတ်ပြန်ခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်တိုဘာလ ၁၈ ရက် ရက်စွဲဖြင့် ၂၀၁၈ ခုနှစ် မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခဲ့ပြီး အောက်တိုဘာလ ၂၈ ရက်က တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့။
- အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းသား/သူ ၁,၃၁၆ ဦးတို့အား ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံနေရသူ ၄,၃၂၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများပိတ်သိမ်းခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်တိုဘာလ ၁၈ ရက်တွင် အမိန့်ချမှတ်ပေးခဲ့။
- ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် လူမှုကွန်ရက်အသုံးပြု၍ ဆန့်ကျင်လှုံ့ဆော်မှုများပြုလုပ်ခဲ့သဖြင့် အရေးယူထားသည့် အနုပညာရှင်များနှင့် လူမှုကွန်ရက်ပေါ်မှ ဆန့်ကျင်လှုံ့ဆော်သူများကို အရေးယူထားရာ ၎င်းတို့အနက်မှ ၃၄ ဦးအား အမှုပိတ်သိမ်းပေးခဲ့။

**လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ**

- ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအကြိမ်အဖြစ် အောက်တိုဘာလ ၅ ရက်တွင် ထိုးနှံပေးခဲ့။
- ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် ရုပ်ရှင်ရုံများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအားကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃ ရုံ၏ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနများ၊ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းအဖွဲ့များထံသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို တပ်မတော်မိသားစုများ၊ စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့။
- သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် အောက်တိုဘာလ ၂၀ ရက်တွင် တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး၊ သီတင်းကျွတ်မီးထွန်းပွဲတော်များကျင်းပခြင်း၊ ကုသိုလ်ဒါနပြုကြခြင်းတို့ကို အနယ်နယ်



**ချင်းပြည်နယ်အတွင်းရှိ ကျန်ရှိနေသောတိုက်ပွဲရှောင်ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ဆက်လက်ကူညီပို့ဆောင်ပေးနေမှု**

အရပ်ရပ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများနှင့် အညီ ပြန်လည်ကျင်းပခွင့်ပေးနိုင်ခဲ့။

- ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား နေရပ်အသီးသီးသို့ ပြန်လည်ကူညီပို့ဆောင်ခြင်း၊ နေအိမ်များ ပြန်လည်ပြုပြင်ခြင်း၊ ကျေးရွာများ၌ မိုင်းရှင်းလင်းရေး လုပ်ငန်းများ လုပ်ဆောင်ပေးခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့။
- တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်နှင့် ကျွန်းစုခရီးစဉ် အမြန်ရေယာဉ်ကို လူဦးရေကန့်သတ်ချက်ဖြင့် ပြန်လည်ပြေးဆွဲပေးခဲ့သလို ရန်ကုန်-ကော့သောင်း၊ ရန်ကုန်-ကလေး လေကြောင်းလိုင်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အောက်တိုဘာလ ၁၆ ရက်မှ စတင်ပျံသန်း ပြေးဆွဲပေးခဲ့။

**ပြည်သူများသတင်းမှန်ရရှိရေးဆောင်ရွက်ချက်များ**

- သတင်းမှား၊ သတင်းအတုများ တမင်ဖန်တီးထုတ်လွှင့်သူများကို ဥပဒေနှင့်အညီ ဖော်ထုတ်တားဆီးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်အတွင်း ထည့်သွင်းပြောကြားခဲ့။
- တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးနောက် ဖြစ်ရပ်အခြေအနေမှန်များနှင့် အာဆီယံအထူးကိုယ်စားလှယ်ကိစ္စနှင့်စပ်လျဉ်း၍၊ နိုင်ငံတော်အစိုးရ၏သဘောထားဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အတိုင်း ခိုင်မာတိကျစွာ ဆောင်ရွက်သွားမည်ဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာ လ ၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့။

**ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးနိုင်ရေးဆောင်ရွက်ချက်များ**

- တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေလေးသန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာလ ၂ ရက်တွင် ရောက်ရှိခဲ့။
- အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် Covishield အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ တစ်သန်းသည် အောက်တိုဘာလ ၉ ရက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေးတစ်သန်းသည် အောက်တိုဘာလ ၁၃ ရက်၊ အောက်တိုဘာလ ၁၄ ရက်တွင် ကာကွယ်ဆေးတစ်သန်း Doses၊ အောက်တိုဘာလ ၁၅ ရက်တွင် ကာကွယ်ဆေးအကြိမ်ရေ လေးသန်းနှင့် အောက်တိုဘာလ ၂၂ ရက်တွင် ကာကွယ်ဆေးလေးသန်းတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့။
- ပြည်ပမှတင်သွင်းရောက်ရှိလာခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်များဖြင့် အချိန်မဆိုင်း ပို့ဆောင်ပေးလျက်ရှိပြီး ပြည်နယ်





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုအား ကြည့်ရှုအားပေး**

နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကာကွယ်ဆေးထိုးနှံရမည့် သတ်မှတ်အုပ်စုများအလိုက်အပြင် IDPs စခန်းများ၊ အကျဉ်းစခန်းများ၊ ပင်လယ်ပျော်ဆလုံတိုင်းရင်းသားများပါမကျန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုများကို ဆောင်ရွက်ပေးခဲ့။

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို အောက်တိုဘာလ ၁၂ ရက်က တစ်ပြည်လုံးအတိုင်းအတာဖြင့် စတင်ထိုးနှံပေးခဲ့။
- အောက်တိုဘာလ ၂၃ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကိုယ်တိုင် အသက် ၁၂ နှစ်နှင့် အထက် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးခဲ့။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူများသည် ကာကွယ်ဆေး တစ်ကြိမ်မျှမထိုးနှံရသေးသူများကို ဦးစားပေးခြင်း၊ နိုင်ငံအတွင်း ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစေခြင်းတို့အတွက် အခမဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းတွင် လာရောက်၍ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းများမပြုလုပ်ရန် ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁၃ ရက်က မေတ္တာရပ်ခံထားခဲ့။
- ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Vaccination Management Information System-VMIS) သည် Asian-Oceanian Computing Industry Organization (ASOCIO) အဖွဲ့အစည်းမှ ၂၀၂၁ ခုနှစ်အတွက် ပြုလုပ်သည့် ASOCIO ICT Award တွင် Digital Government Award ရရှိခဲ့။
- ပြည်သူများကျန်းမာကြံ့ခိုင်စေရေးအတွက် ဒေသအသီးသီးရှိ အားကစားကွင်းများ၊ အားကစားရုံများကို ပြန်လည်အဆင့်မြှင့်တင်ခြင်း၊ အားကစားနည်းများအလိုက် လေ့ကျင့်ရေးစခန်းများဖွင့်လှစ်ခြင်းများဆောင်ရွက်လျက်ရှိ။

**စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက်ဆောင်ရွက်ချက်များ**

- ပြည်ပနိုင်ငံများသို့ ပို့ကုန်တင်ပို့သူများသည် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ၎င်း၏ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက်ထည့်သွင်းရမည့် အမိန့်ကြော်ငြာစာကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အောက်တိုဘာလ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့။
- ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေးကို အောက်တိုဘာလ ၁၈ ရက်တွင် ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍအား အကူအညီပေးနိုင်မည့် အစီအမံများကို ချမှတ်နိုင်ခဲ့။
- ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်းကို အဆိုပါကော်မတီက အောက်တိုဘာလ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့။
- ရုရှား-မြန်မာ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို အောက်တိုဘာလ ၂၆ ရက်တွင် နှစ်နိုင်ငံတာဝန်ရှိသူများက အသီးသီးလက်မှတ်ရေးထိုးနိုင်ခဲ့။




**ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနေမှု**

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ နှောင့်နှေး ကြန့်ကြာမှုမရှိ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ။
- စားအုန်းဆီ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၃,၇၀၀ နှုန်းဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိရာ အောက်တိုဘာလ ၆ ရက်အထိ ပိဿာ ၄,၆၀၃,၇၂၀ ၊ တန်ချိန် ၇,၅၂၂ တန် အထိ ရောင်းချပေးနိုင်ခဲ့။
- အများပြည်သူများဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည့် စက်သုံးဆီအရောင်းဆိုင်များကို တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး၊ သတ်မှတ်ဈေးဖြင့် ရောင်းချနိုင်ရေး၊ အခြင်အတွယ်မှန်ကန်ပြည့်မီစေရေးတို့ကို စိစစ်ဆောင်ရွက်ပေးလျက်ရှိ။
- တောင်သူလယ်သမားများအတွက် ၂၀၂၀ ပြည့်နှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန်နှင့် ကိုဗစ်-၁၉ အထူးချေးငွေပြန်လည်ပေးဆပ်ရန် နောက်ဆုံးရက်တို့ကို ဒီဇင်ဘာလကုန်အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အောက်တိုဘာလ ၁ ရက်တွင် အသိပေးကြေညာခဲ့။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ**

- ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၀ ခုမှ လစ်လပ်နေသည့် ပြန်တမ်းဝင်အရာရှိအဆင့် ၁၉၅ နေရာအတွက် ရေးဖြေစစ်ဆေးခြင်း ပြီးဆုံး၍ လူတွေ့စစ်ဆေးခြင်းတို့ကို အောက်တိုဘာလဆန်းတွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ကိုဗစ်ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့။
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်များကို အထက်တန်းရှေ့နေ ၂၆၀ ဦးအား အောက်တိုဘာလ ၄ ရက်က ထုတ်ပေးခဲ့။
- ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များအတွင်း အလုပ်အကိုင် ၁၃ မျိုး၏ ကျွမ်းကျင်မှုအဆင့်များကို ဖြေဆိုအောင်မြင်ခဲ့သည့် ကျွမ်းကျင်လုပ်သား ၄၃၇ ဦးအတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များကို အောက်တိုဘာလ ၆ ရက်တွင် ပေးအပ်ခဲ့။
- ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် သူနာပြု/သားဖွားသင်တန်းကျောင်း ၃၁ ကျောင်းအား အောက်တိုဘာလ ၇ ရက်တွင် စတင်ဖွင့်လှစ်ရာ ယနေ့အထိ သူနာပြုတတိယနှစ်နှင့် သားဖွားဒုတိယနှစ် ကျောင်းသားကျောင်းသူ ၇၈၁ ဦး တက်ရောက်လျက်ရှိ။
- အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၇) ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ အောက်တိုဘာလ ၂၈ ရက်က စတင်ဖွင့်လှစ်ရာ သင်တန်းသား ၉၆၀ တက်ရောက်ခဲ့။

အောက်တိုဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံကြောင်း ပြည်သူများက ဆန္ဒဖော်ထုတ်ကြပြီး အစိုးရနှင့်ပြည်သူ ထပ်တူညီကြောင်း သက်သေပြသခဲ့ကြသလိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူလူထုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် အခက်အခဲများကြားမှ အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်နေသည်ကို နဝမမြောက် တစ်လတာတွင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၁-၁၂-၂၀၂၁)**

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တာဝန်ယူပြီးချိန်မှစ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ချက်များအနေဖြင့် နဝမမြောက်တစ်လတာတွင် –

  - ♦ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး ၁ ကြိမ်။
  - ♦ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ၁ ကြိမ်။
  - ♦ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ၁ ကြိမ် ပြုလုပ်ခဲ့။
  - ♦ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အင်းလေးကန်၏ ရေသယံဇာတများ တိမ်ကောမှုမရှိစေရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရေးစသည်တို့ကို ဆွေးနွေးခဲ့။
  - ♦ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ ဓာတ်ရောင်ခြည်ကုသဆောင်နှင့် ကင်ဆာရောဂါ ခွဲစိတ်ကုသဆောင်ကို တက်ရောက်ဖွင့်လှစ်ပေးခဲ့။
  - ♦ မြန်မာ့ပင်လယ်ပြင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တပ်တော်ဝင်အခမ်းအနားကို ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပခဲ့။
  - ♦ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များအနေဖြင့် အရှည် ၄၂၇ ပေ ရှည်လျားပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော မြေအောက်လမ်းကူးလူသွားဥမင်ကို ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးစက်ရုံတို့သို့သွားရောက်၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းပေးခဲ့။
  - ♦ ရုရှား–မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
  - ♦ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Madimir Lvovich kasatonov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ကဏ္ဍာပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရေကြောင်းလုံခြုံမှုဆိုင်ရာ နည်းပညာနှင့် သတင်းအချက်အလက်များဖလှယ်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့။
  - ♦ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးပြီး အနုပညာရပ်ဝန်းအသီးသီးအတွက် ရုံပုံငွေကျပ် သိန်း ၄၀၀၀ ၊ ဆန်အိတ် ၁၀၀ ၊ ဆီပိဿာ ၅၀၀ နှင့် ပဲပိဿာ ၃၀၀ တို့အား ပေးအပ်ခဲ့။

- ♦ အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ကောင်စီအစည်းအဝေး၊ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများသို့ တာဝန်ရှိ သူများ တက်ရောက်ဆွေးနွေးခဲ့။
- ♦ ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့်ဆန့်ကျင်သည့် အစီရင်ခံစာနှင့် ဆွေးနွေးမှုများကို မြန်မာနိုင်ငံက လက်မခံကြောင်း၊ အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံ ပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီသာ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့။
- ♦ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် ဆက်စပ်ပါဝင်သူ ၁၁၄ ဦးတို့အား ထိုနေ့တွင် ကျရောက်သည့် NCA လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးကိုရှေးရှုကာ အမှုမှုပိတ်သိမ်းပေးခဲ့။
- ♦ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းသား/သူ ၁၃၁၆ ဦးတို့ အား ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံနေရသူ ၄,၃၂၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့။
- ♦ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးနိုင်ရေးဆောင်ရွက်ချက်များအနေဖြင့် ပြည်ပမှ ကာကွယ်ဆေးများ ဝယ်ယူခြင်း၊ ကာကွယ်ရေးနှင့်ဆေးပစ္စည်းများကို အခက်အခဲမရှိ တင်သွင်းနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ဦးတည်အုပ်စုများအလိုက် ကိုဗစ်ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် အသက်၁၂ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့။
- ♦ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဆောင်ရွက်ချက်များအနေဖြင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍအား အကူအညီပေးနိုင်မည့် အစီအမံများကို ချမှတ်နိုင်ခဲ့၊ အများပြည်သူများဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည့် စက်သုံးဆီအရောင်းဆိုင်များကို တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ရောင်းချပေးခဲ့။